# ဝိပဿနာ ဉာဏ်နှင့်ပညာ

သဲအင်းဂူဆရာတော်ဘုရားကြီး

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ဝိပဿနာ ဉာဏ်နှင့်ပညာ၊ သဲအင်းဂူဆရာတော်ဘုရားကြီး
စာမျက်နှာ ၈၉ မျက်နှာ၊ ၁၂·၈ စင်တီ × ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၉၊ လူငယ်စာအုပ်တိုက်ထုတ် ပထမအကြိမ်မူ

ရောင်းဈေး ၁၅၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

သဲအင်းဂူဆရာတော်ဘုရားကြီး ဟောကြားသော ဝိပဿနာ ဉာဏ်နှင့်ပညာ တရားတော်ကို တပည့် ဒါယကာ အကာလိကော မောင်ဘို ကူးယူရေးသား တင်ပြခဲ့သည့် စာအုပ်ဖြစ်ပါသည်။

ဆရာတော်ကြီး၏ တရားတော်များ၊ ဆုံးမ လမ်းညွှန်ချက်များအား မပျောက်ပျက်ရန် ပြန်လည် ဖော်ထုတ်လိုပါသဖြင့် ပြန်လည်ရိုက်နှိပ်ခြင်း ဖြစ်ပါ သည်။

မူလ ကူးယူရေးသား ဖြန့်ဝေသူ ဆရာကြီး 'မောင်ဘို' အား ဆက်သွယ်၍မရခဲ့သော်လည်း သူ၏ အားထုတ်ပူဇော်မှု ကျေးဇူးဂုဏ်ကို အောက်မေ့ ဆင်ခြင် ပါ၏။ ။

ပြန်လည်စီစဉ်သူများ

mgyoe.com

mgyoe.com

mgyoe.com



မှော်ဘီမြို့အနီး နောကန်းရွာ သဲအင်းဂူကျောင်းဆရာတော်
အရှင် ဦးဥက္ကဌ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နိဒါန်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ကျွန်တော်သည် ကျေးဇူးရှင် အဘ သဲအင်းဂူဆရာတော် တရားဟောစဉ်နှင့် ပတ်သက်၍ အကျယ်တဝင့် နိဒါန်းပျိုးရန် ဆန္ဒမရှိပါ။ အဘယ်ကြောင့်ဆိုသော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အနယ်နယ်အရပ်ရပ်တို့သို့ ကြွရောက်ပြီး ဝေနေယျာ သတ္တဝါများအား အပါယ်ဘေးမှ ကယ်တင်နေသည်မှာ (ဝါ) ဗမာပြည်တစ်ဝှမ်း ဟိုလေးတကျော် တရားသံမစဲ သဲသဲမဲမဲ တရားရေမိုး ရွာသွန်းဖြိုးနေသည်မှာ တရားယောဂီတိုင်းလိုပင် သိကြပါပြီ။ ဆရာတော်၏ တရားတော်ကို အသံဖမ်းတိပ်ရီကော်တာဖြင့် ဖမ်းယူ၍ ကျင့်ကြံအားထုတ်နေကြသူများလည်း မနည်းလှတော့ပါ။ သို့ရာတွင် ယောဂီအများစုမှာ တရားတိပ်ရီကော်တာလည်း မရှိ၊ တစ်ခါတစ်ခေါက် ဖူးမြော်ကြားနာရသည်ကို အားမရနိုင်အောင် ရှိနေသော ကြောင့် ဆရာတော်၏ တရားဟောစဉ် တစ်ပါးကို တိပ်ခွေမှ ပြန်

mgyoe.com

mgyoe.com



လည် ကူးယူ၍ ဤမည်သော **"ဝိပဿနာဉာဏ်နှင့် ပညာ"** တရား အားထုတ်စဉ်တို့ ထုတ်ဝေ ဖြန့်ဖြူးလိုက်ရပါသည်။

ဤတရားတော်သည် ၁၃၃၀-ပြည့် ဝါတွင်းက ရန်ကုန်မြို့ မိုးကောင်းဘုရား အရိယာဓမ္မာရုံကြီးတွင် ဟောကြားတော်မူသော တရားတော်ဖြစ်ပါသည်။ တိပ်ကြိုးခွေမှ ပြန်လည်ကူးယူရာတွင် ဆရာတော်ဘုရား၏ အသုံးအနှုန်းကို မူရင်းအတိုင်းပင် ကူးယူခြင်း ဖြစ်ပါသည်။ သို့သော် တရားဟောခိုက်တွင် ယောဂီများ ပိုမို နားရှင်းရန် ဆရာတော်က နှစ်ကျော့၊ သုံးကျော့ ထပ်ကာ ထပ်ကာ ဟောပြောချက်များကို ပုံနှိပ်ရာတွင် ချန်လှပ်ထားခဲ့ပါသည်။ ဤကဲ့သို့ ချန်လှပ်ထားခဲ့ခြင်းကြောင့် ချို့ယွင်းချက် တစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင် ကျွန်ုပ်တော်၏ တာဝန်သာ ဖြစ်ပါတော့သည်။

ကျေးဇူးရှင် ဆရာတော်ဘုရား၏ တရားတော်သည် "ဟင်းစားလည်းပေး၊ ကွန်ချက်လည်းပြ"သော တရားတော် ဖြစ်သည်ကို ကျင့်ကြံအားထုတ်ပါက ထင်ထင်ရှားရှား သိပါလိမ့်မည်။ ခန္ဓာ-အာယတန-ဓာတ်သစ္စာတည်း ဟူသော တရားတော်သည် **အကာလိကော** အခါမလင့် ကောင်းကျိုးကို ပေးပါ၏။ **ဧဟိပဿိကော** လာလှည့်ပါ၊ ရှုလှည့်ပါဟု မပါ ပါအောင် တိုက်တွန်းခြင်းငှာလည်း ထိုက်ပါ၏။

ဆရာတော် ဟောကြားတော်မူသော "ဝိပဿနာဉာဏ်နှင့် ပညာ"ကို ဖတ်ရှုပြီးသည့်နောက် ပရိယတ္တိ အခြေခံမဲ့သော ပုဂ္ဂိုလ်တစ်ဦးက ဤမျှပြတ်သားစွာ ဟောပြဆုံးမနိုင်ခြင်းသည် ခန္ဓာကိုယ်တွေ့တရားဟု ဆိုကြသည်။ ခန္ဓာကိုယ်တွေ့၊ ဘယ်ကဲ့သို့ ကျင့်ကြံအားထုတ်၍ ခန္ဓာကိုယ်၌ တွေ့သည်ကို တပည့်ယောဂီများနှင့်

mgyoe.com

mgyoe.com



သုတေသီများ သိရှိနိုင်ရန် သဲအင်းဂူ ဆရာတော်ဟု ကျော်ကြားမည့် ယောဂီ ဦးအောင်ထွန်းသည် မည်ကဲ့သို့ ကျင့်ကြံအားထုတ်ခဲ့သည် ဆိုသော အကြောင်းများကို နောက်ပိုင်း၌ ဖော်ပြထားပါသည်။ ဆရာတော် ကျင့်ကြံအားထုတ်ခဲ့သည်မှာ ၂၁-လမျှ ကြာမြင့်ခဲ့ပါသည်။ ယခုဖော်ပြမည်မှာ ၁၀ ရက်ခန့်အတွင်း ကျင့်ပုံကျင့်နည်းမျှသာ ဖြစ်ပါသည်။ တိကျစွာ ဖော်ပြရမည်ဆိုလျှင် ၁၃၂၁-ခု၊ တော်သတင်း လဆန်း ၆-ရက်နေ့ နံနက်မှစ၍ ၄င်းလ ၁၁-ရက်နေ့ မွန်းလွဲ ၁၂-နာရီသာသာအတွင်း တရားအားထုတ်ခဲ့ပုံကို စုဆောင်းထားသမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

ဤ ''ဝိပဿနာဉာဏ်နှင့်ပညာ'' အားထုတ်စဉ်ကို ရေးသားရာတွင် အဘက်ဘက်မှ ကူညီအားပေးကြသော ပုဂ္ဂိုလ်အပေါင်းအားများစွာ ကျေးဇူးဥပကာရတင်ကြောင်းကို ဖော်ပြလိုက်ပါသည်။

အထူးသဖြင့် ဦးမြဟန်၊ ဦခဲမောင်၊ ဦးစံကျော်ဦး၊ ဦးမြရီနှင့် ရန်ကုန်မြို့ လမ်း ၄၀ နေ ဦးအေးဝင်း (လက်ရေးတိုနှင့် လက်နှိပ်စက် ကျောင်းအုပ်ကြီး) ဦးအေးဝင်းတို့အားလည်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သဲအင်းဂူကျောင်းဆရာတော်ဘုရားကြီးထံ၌
## တရားအားမထုတ်မီ
## ပရိကံယူပုံ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**
**(၃ ခေါက်ဆိုပါရန်)**

မြတ်စွာဘုရား ဘုရားတပည့်တော်သည် ယခု တရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးကို လှူဒါန်းပါ၏ အရှင်ဘုရား၊ ကပ်လှူပါ၏ အရှင်ဘုရား၊ ပူဇေမ ပူဇော်ပါ၏ အရှင်ဘုရား။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး လှူဒါန်းရသောအကျိုး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော သဲအင်းဂူကျောင်းဆရာတော် အရှင်သူမြတ်ဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးကို လှူဒါန်းပါ၏ အရှင်ဘုရား၊ ကပ်လှူပါ၏ အရှင်ဘုရား၊ ပူဇေမ ပူဇော်ပါ၏ အရှင်ဘုရား။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး လှူ

mgyoe.com

mgyoe.com


ဒါန်းရသော အကျိုး၊ ဆရာတော်ဘုရားကြီး၏ သိအပ်သော ဓာတ်တရား-ပရမတ်တရား-ရုပ်တရား-နာမ်တရား-သစ္စာတရားတို့ကို ဘုရားတပည့်တော်အား ပေးသနားတော်မူပါ အရှင်ဘုရား။

ဘုံ (၃၁) ရှိရှိသမျှ အနန္တဝယ်-ကုန်းမှာနေ ကိုးကုဋေ၊ ရေမှာနေ ဆယ်ကုဋေ၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ သဗ္ဗေသတ္တာသတ္တဝါ အပေါင်း စကြာဝဠာတံတိုင်း ဖီလာပတ်ကုန်း ကုန်းမကျန် ရေမကျန်၊ အထက်ဘဝဂ်၊ အောက်အဝီစိအထိ (၃၁) ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား ကျွန်ုပ်၏ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အကျွန်ုပ်နှင့် ထပ်တူထပ်မျှရကြရအောင် အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့။ အရိယာသူတော်စင်များ ပို့သသော မေတ္တာပေးဝေသော ကုသိုလ်၏ အဖို့ကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာနှင့် သာဓု-သာဓု-သာဓု။

[တရားထိုင်ပုံထိုင်နည်းကို "အကာလိကော" စာအုပ်တွင် ဖော်ပြပြီး ဖြစ်ပါသည်။]

❐

mgyoe.com

mgyoe.com

## ပဉ္စဂုဏ်၊ အဟံဝန္ဒာမိ

ဒကာကြီး၊ ဒီနေ့ ဘာဟောရမယ် မသိဘူး၊ ဦးပဉ္ဇင်းဟာ သဲအင်းဂူ နေ့စဉ်နေ့တိုင်း အဓိဋ္ဌာန် တစ်နေ့သုံးကြိမ်၊ သီလရှင်၊ သံဃာတော်အရှင်မြတ်များနဲ့ ယောဂီတွေကို တရားပေးနေတယ်၊ မအားမလပ်အောင် တရားပြနေရတယ်၊ အဲဒီလို တရားပြနေတုန်း မိုးကောင်းက ယောဂီတွေက ဘယ်လိုလျှောက်သလဲဆိုရင် အရှင်ဘုရား တပည့်တော်တို့မှာ စနေ၊ တနင်္ဂနွေနေ့များမှာသာ အားလပ်ခွင့်ရှိပါတယ်ဘုရား၊ သဲအင်းဂူကို မိုးအခါမှာလာနိုင်တဲ့လူတွေလည်း ရှိပါတယ်။ မလာနိုင်တဲ့လူတွေလည်း ရှိပါတယ်။ မလာနိုင်တဲ့လူတွေ အတွက် တစ်လတစ်ပတ် စနေ၊ တနင်္ဂနွေဟာဖြင့် အပါယ်ဘေးမှ ကယ်ပေးတော်မူပါလို့ လျှောက်တယ်။ ဒကာကြီး ဒီတော့ လာရပြန် တယ်။

အဲ ဦးပဉ္ဇင်းက ဒီနေ့တော့ ဘာဟောရမှန်း မသိဘူး။ ကျက် ထားတဲ့စာလည်း မဟုတ်တော့ ပစ္စုပ္ပန်ပဲ ဟောရမှာပဲ၊ ဒကာကြီး။

mgyoe.com

mgyoe.com


(မှန်ပါ့ဘုရား) တရားဆိုတာက အကုန်လုံး တရားတွေချည်းပဲလို့ ဘုရားက ဟောထားတယ်။ ဘုရားဟောတာ ပြောတာနော်၊ (မှန်ပါ့)။ မြင်တာလည်းတရား၊ ကြားတာလည်းတရား၊ နံတာလည်းတရား၊ အိပ်တာလည်းတရား၊ စားတာလည်းတရား၊ ထိတာလည်းတရား၊ သိတာလည်းတရား၊ ထိုင်တာလည်းတရား၊ အကုန်လုံး တရားချည်းပဲ၊ (မှန်ပါ့ဘုရား)။

## ၁။ ဥပါဒါန်တရား ဥပမာပြပုံ

အခုနကတုန်းက အခန်းထဲမှာ ဒကာကြီး၊ ဦးအေးကြူက ပုံကလေးတစ်ပုံ ပြောတယ်၊ ဘာပြောသလဲဆိုတော့ မိတ်ဆွေ ကုန်သည် နှစ်ယောက်အကြောင်း၊ ဦးပဥ္စင်းက သူတို့ပြောတဲ့ပုံကလေးကို နာနေတာ၊ (မှန်ပါ့)။ အဲ့ဒီတော့ ဦးပဥ္စင်းက ကျက်ထားတဲ့ တရား မဟုတ်တော့ ပစ္စုပ္ပန်တရား ပေါ်လာတယ်၊ (မှန်ပါ့)။ အဲဒီဒကာ ဦးအေးကြူက ဘယ်လိုပြောသလဲဆိုတော့ ကုန်သည် နှစ်ယောက်ဟာ ဖြင့် ကုန်ရောင်းကုန်ဝယ် သွားတယ်တဲ့၊ သွားတော့ လမ်းခုလတ်ကျ တော့ ဒကာကြီး ဘာတွေတွေ့သလဲဆိုတော့ လျှော်တွေ သွားတွေ့ တယ်။ အဝတ်လုပ်တဲ့ လျှော်တွေ သွားတွေ့တယ်။ တွေ့တော့ သူ တို့ယူလာတဲ့ ကုန်က လျှော်လောက်မှ အဖိုးမတန်တော့ ကုန်သည် နှစ်ယောက်စလုံးက သူတို့ယူလာတဲ့ ကုန်တွေချပြီးတော့ အဲ့ဒီလျှော် တွေကို ထမ်းယူလာကြတယ်။

နောက်ခရီး ဆက်သွားကြပြန်တော့ကာ၊ လမ်းခုလတ်ကျတော့ အဝတ်အထည်တွေ တွေ့ကြပြန်တယ်။ အထည်တွေတွေ့တော့ တစ်ဦးတစ်ယောက်က ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကိုးဗျ၊ ဒါတွေ အိမ်ကျ

mgyoe.com

mgyoe.com



ရက်နေရဦးမယ်။ အထည်တွေ အဆင်သင့်တွေ့တော့ ဒီလျှော်တွေ အလကားပဲဆိုပြီး လျှော်တွေလွှင့်ပစ်ခဲ့တယ်။ လျှော်ကို မယူတော့ဘဲ အထည်တွေ ထမ်းသွားတယ်။ တစ်ယောက်က ငါ အဝေးကြီးက ထမ်းလာတဲ့လျှော် နမြောတယ်ဆိုပြီး လျှော်ကိုပဲ ဆက်ထမ်းသွားတယ်။ ဒါက အကြောင်းခံကိုပြောချင်လို့ ဟောတာပါ။ တစ်ယောက်က လျှော်တွေပစ်ပြီး အထည်ထမ်းသွားတယ်။

ရှေ့ကျတော့ ဘာတွေတွေ့ပြန်လည်းဆိုတော့ ငွေတွေ တွေ့ပြန်တယ် ဒကာကြီး၊ (မှန်ပါ့)။ ငွေတွေတွေ့ပြန်တော့ တစ်ယောက်သော ပုဂ္ဂိုလ်က ဒီအထည်တွေ လေးလှတယ်။ ငွေတွေတွေ့နေမှ ငွေယူတော့ မယ်ဆိုပြီး အထည်တွေကို လွှင့်ပစ်ပြီး ငွေတွေ ယူပြန်သတဲ့ဗျာ၊ တစ်ယောက်ကတော့ ငါ ထမ်းလာတဲ့ လက်စနဲ့ ငွေလဲမယူတော့ဘူး၊ လျှော်ပဲထမ်းမယ် ဆိုပြီး လျှော်ပဲ ထမ်းပြန်တယ်။ ငွေတွေ တွေ့ပြန်လည်း မယူဘူး ဒကာကြီး၊ (မှန်ပါ့)။ အထည်တွေ တွေ့တုန်းကလည်း အထည်ကို မယူဘူး ဒကာကြီး၊ (မှန်ပါ့)။ တစ်ယောက်ကတော့ လျှော်ထမ်းလာပြီး အထည်တွေတွေ့တော့ အထည်ယူ လျှော်တွေကို ပစ်ခဲ့တယ် ဒကာကြီး၊ အဲ့၊ အထည်ကနေပြီး ငွေတွေ့ပြန်တော့ အထည်ပစ်ပြီး ငွေယူပြန်တယ် ဒကာကြီး၊ တစ်ယောက်ကတော့ လျှော်ထမ်းလျက်ပဲ၊ ဘာမှမယူဘူး။

အဲ့ဒီတော့ ကုန်သည် ၂ ယောက်ဟာ ရှေ့ဆက်သွားပြန်တော့ ရွှေတွေတွေ့ပြန်တယ်။ ရွှေတွေတွေ့ပြန်တော့ ဒကာကြီး တစ်ယောက် သော ကုန်သည်က ငွေတွေကိုထားပြီး တစ်ခါ ရွှေယူပြန်တယ် ဒ ကာကြီး၊ (မှန်ပါ့)။ ငွေနဲ့ ရွှေဟာ ဘယ်ဟာ အဖိုးတန်သလဲ ဒကာ ကြီး၊ (ရွှေက အဖိုးတန်ပါတယ် ဘုရား)။ အဲ့ဒီတော့ ငွေယူလာတဲ့

mgyoe.com

mgyoe.com


ပုဂ္ဂိုလ်က ရွှေကို တစ်ခါထမ်းပြန်တယ်၊ (မှန်ပါ့)။ လက်ဦး လျှော်ထမ်းလာတဲ့ ပုဂ္ဂိုလ်က ငွေတွေ့ပြန်လည်း မယူဘူး၊ မှန်ပါ။ ငါ ပင်ပန်းလာတာ၊ ဒီအချိန် ဒီအခါကျမှတော့ ဒီလျှော်ကလွဲပြီး ဒီပြင် ဥစ္စာ အဖိုးတန်ချင်တန် မတန်ချင်နေ ငါ မယူတော့ဘူး။ တစ်ခါတည်း လျှော်မှာ ဥပါဒါန်ကြီး ကပ်တွယ်နေတာ၊ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ငွေတွေလည်း မယူဘူး၊ ရွှေတွေလည်း မယူဘူး၊ လျှော်ထမ်းလက်စနဲ့ ရှေ့ဆက်ပြီး လျှော်ပဲ ထမ်းသွားတယ်။ ရှေ့နားကျတော့ ဘာတွေ့ပြန်သလဲဆိုတော့ ကျောက်သံပတ္တမြား၊ ပြည့်တန်တဲ့ပတ္တမြား၊ ရတနာတွေ တွေ့ပြန်တော့ ရွှေထမ်းလာတဲ့ ပုဂ္ဂိုလ်က ပြည့်တန်တဲ့ ပတ္တမြားကို ယူပြန်တယ်၊ (ဒီပရိသတ်ကြီးကတော့ အဲဒီပြည့်တန်တဲ့ ပတ္တမြားကိုပဲ ယူမှာပါ ဘုရား)။ မပြောတတ်ပါဘူး။ ယူမလား၊ မယူဘူးလား။ နောက်ပြီး လျှော်ပဲ ထမ်းဦးမလား မသိဘူး။ လျှော်ကို ဥပါဒါန် မရှိဘူးလား ရှိသလား၊ စောင့်ကြည့်ရဦးမယ်။ အခုနက လျှော်ထမ်းလာတဲ့ ပုဂ္ဂိုလ်က ဒကာကြီးရေ ရတနာ ပတ္တမြားတွေ တွေ့ပေမဲ့ လျှော်မှာပဲ ဥပါဒါန်ကြီး ကပ်နေတယ်။ ငါ အဝေးကြီးက ထမ်းလာခဲ့တယ်၊ အခုအချိန်ကျမှ ဒီလျှော်တွေ မပစ်တော့ဘူး ဆိုပြီး လျှော်ပဲ ဆက်ထမ်းတယ်၊ ပတ္တမြား မရတော့ဘူး။ ငွေလည်း မရ၊ ရွှေလည်း မရ၊ အထည်လည်း မရ၊ လျှော်ပဲ ရတယ်။ ပတ္တမြားရတဲ့ ပုဂ္ဂိုလ်က ချမ်းသာသွားတယ်၊ အဲဒါ ဥပမာ တင်ပေးတာနော်၊ (မှန်ပါဘုရား)။

အဲဒီတော့ ခုနကတုန်းက လျှော်ထမ်းသမားကတော့ ဒကာကြီး ဒီလျှော် ငါ ထမ်းလာရတယ် ဆိုပြီး ဒီလျှော်အပေါ် ဥပါဒါန်ကြီး တွယ်နေတယ်။ ဒီလျှော် ငါ မပစ်နိုင်တော့ပါဘူး။ လျှော်ထမ်းလာတဲ့

mgyoe.com

mgyoe.com


သညာကြီးကိုး ဒကာကြီးရဲ့ အဲဒီတော့ ခုနကတုန်းက ကုန်သည် တစ်ဦးကတော့ လျှော်ဆိုတဲ့သညာကို အဖိုးမတန်ဘူးဆိုတာ သိတယ်။ အထည်တွေ့တော့ လျှော်သညာကို ပယ်ပစ်လိုက်တယ်။ အဖိုးတန်တဲ့ အထည်ပစ္စည်းကို ယူတယ်။ တစ်ခါ ငွေကိုတွေ့တော့ အထည် ဆိုတဲ့ အဖိုးမတန်တဲ့ သညာကို ပယ်ပစ်ပြီး အဖိုးတန်တဲ့ ငွေတွေကို ယူတယ်။ ငွေအဖိုးတန်တဲ့ သညာကို တွေ့တော့ ငွေဆိုတာ လိုရာ ခရီးရတယ်။ အထည်သညာကို ပယ်လိုက်ပြီး ငွေအဖိုးတန်တဲ့ သညာကို လက်ခံတယ်၊ (မှန်ပါ့ ဘုရား)။ အဆင့်ဆင့်ကိုး ဘာကို ပယ်သလဲ ဆိုတော့ အဖိုးမတန်တဲ့ ဥစ္စာကို ပယ်ပြီး အဖိုးတန်တဲ့ ဥစ္စာကို ယူတယ်၊ (မှန်ပါ့ ဒီပရိသတ်ထဲမှာ လျှော်ထမ်းတဲ့လူ မပါပါ ဘူး ဘုရား။) သေသေချာချာ နာကြ၊ (မှန်ပါ့ဘုရား)။ ဟောတဲ့ တရားက သဘောပေါက်အောင် ဟောမယ်။ ဉာဏ်ဟောချင်လို့ ချီတာ၊ ချီတာ။

## ၂။ သိရင် သိတဲ့အပေါက်ကထွက်

ဦးပဍ္ဍင်းက မြိတ်၊ ထားဝယ်၊ ရှမ်းပြည်တွေ သာသနာပြုသွား တဲ့အခါ စီးတာက ဖော်ကာ၊ ဒီတော့ ဖော်ကာချည်းပဲ ဟောခဲ့တယ်။ ဖော်ကာဆိုတာက လေယာဉ်ပျံ အခုတော့ ဦးပဍ္ဍင်းဂူမှာ တရားလာ အားထုတ်တဲ့ ဒကာကြီး ဦးသောင်းစိန်က "အရှင်ဘုရား တပည့် တော် သဘောပေါက်ပါတယ်"တဲ့၊ ဆရာတော် ပြတာက ဖော်ကာ ထက်မြန်တဲ့ ဂျက်ပါ ဘုရား၊ ဖော်ကာ မဟုတ်ဘူးတဲ့၊ ဖော်ကာမြန်တာ တစ်နာရီ မိုင် ၅၀၀ လောက်မြန်တယ် ဒကာကြီး။ အဲဒီကနေ့တော့ ဖော်ကာဖြုတ်ပြီး ဂျက်ဝင်လာမယ်၊ (မှန်ပါ့ဘုရား)။ ဂျက် ဘယ်

mgyoe.com

mgyoe.com


လောက်သွားတယ်ဆိုတာ ဥပမာပြမယ်။ တစ်နာရီ မိုင်ပေါင်း ၁၂၀၀ သွားတယ်၊ အခုနက ဖော်ကာက မိုင်ပေါင်း ၅၀၀ သွားတယ်။ ဂျက်က မြန်လိမ့်မယ် ထင်တယ်၊ (မှန်ပါ့ဘုရား)။ မကောင်းဘူးလား (ကောင်းပါ့ဘုရား)။ ဥပမာလေးဆောင်ပြီး ပြောမှ သဘောပေါက်မှာကိုး၊ ဒါက အခန်းထဲက ဒကာကြီးဖြစ်သူက အကြောင်းခံလိုက်တာ၊ ဘယ်သူ့ကို ပြောနေသလဲဆိုတော့ အဲဒီနားမှာ တစ်ယောက်နှစ်ယောက်ရှိတယ်၊ ဦးပဥ္စင်းတော့ မမှတ်မိဘူး။ အဲဒီပုံကလေး ပြောတာ၊ ဦးပဥ္စင်းက နာရတာ၊ အခုမှစာတတ်တဲ့ ပုဂ္ဂိုလ်ထံ တပည့်ခံနေရတာ (မှန်ပါ့)။ စာလိုမသိဘဲကို အခုမှ ဘုရားခေါ်ဝေါ်သမုတ်ထားတဲ့ပညတ်တို့ သညာတို့ သင်ရတယ် (မှန်ပါ့ဘုရား)။ ပရမတ်တော့သိတယ်၊ သင်စရာ မလိုဘူး။ ခေါ်ဝေါ်သမုတ်ထားတဲ့ သညာကို သိသလား (မသိပါဘူး)။ အဲဒီတော့ သူများ ပြောသံဆိုသံကို မှတ်ယူရတယ်။ ကလေးက ပြောရင်လည်း အဲဒီကလေး ပြောတာကို မှတ်ယူမှာပဲ ပညတ်တတ်တယ်ဆိုတာ ဘုရားမှ တတ်တယ်။ အဲဒီ ဥစ္စာကို ဦးပဥ္စင်းက သင်နေရသေးတယ် (မှန်ပါ့ဘုရား)။ အဲဒီတော့ ဒကာကြီး ဦးအေးကြူက ပညတ်တတ်တဲ့ သဘောကို သင်သွားတယ် (မှန်ပါ့ဘုရား)။ အဲဒီတော့ ခုနက စကားပလ္လင်ခံလိုက်တာ မြင်တာလည်းတရား၊ ကြားတာလည်းတရား၊ ကြားတဲ့အသံကို တရားအဖြစ် ဟောမှာ၊ ဘယ်ကထွက်ထွက် ကြားရင်ကြားတဲ့ အပေါက်ကလည်း ထွက်မယ်။ နံရင် နံတဲ့အပေါက်ကလည်း ထွက်မယ်၊ မြင်ရင် မြင်တဲ့ အပေါက်ကလည်း ထွက်မယ်။ စားရင် စားတဲ့အပေါက်ကလည်း ထွက်မယ်။ ကိုယ်နဲ့ထိရင် ထိတဲ့အပေါက်က ထွက်မယ်။ မနောနဲ့ မမွှနဲ့ ပေါင်းဆုံရင် သိရင် သိတဲ့အပေါက်က ထွက်မယ်။ အကုန်

mgyoe.com

mgyoe.com



တရားချည်းပဲကိုး ဒကာကြီးရဲ့ (မှန်ပါ့ဘုရား)။ သဘောကို ပြောတာပါ။

## ၃။ ကိုယ့်စိတ်ကိုယ်စစ် သူများစိတ်မစစ်နဲ့

သဘောဟုတ်မှ လောကုတ်၊ သဘောတရားကို ဘုရားက ဟောတာ။ သဘောဆိုတာ ဘာလဲ၊ သိနိုင်ဖို့ရာ ခဲယဉ်းတယ်၊ ထိုင်မှ ရမှာ၊ ကျင့်မှရမှာ (မှန်ပါ့ဘုရား)။ မကျင့်ဘဲနဲ့ သိပြီးရောလို့ မနေနဲ့၊ ဒကာကြီးတို့လည်း သိရင်ပြီးရောလို့ လုပ်နေသလား၊ သိရင်ပြီးရော ဆိုတာက ရဟန္တာရယ်၊ ပစ္စေကဗုဒ္ဓါရယ်၊ ဘုရားရယ် (မှန်ပါ့ဘုရား)။ ဘာသိသလဲဆိုတာ နောက်မှပြောမယ် ဒကာကြီး (မှန်ပါ့ဘုရား)။ အဲဒီတော့ အရေးအကြီးဆုံးအချက်က ဘာလဲဆိုတော့ ခုနကတုန်းက ဒကာကြီး ဦးအေးကြူ ပြောသွားတဲ့ ဥစ္စာက တစ်ယောက်က ညံ့တာနဲ့ အဖိုးတန်တာ မသိဘူး။ ဥပါဒါန် စွဲလမ်းခြင်းကြောင့် ဒကာကြီးရဲ့ အဖိုးတန်တာ မသိတော့ လျှော်ကိုပဲ ယူတယ်။ တစ်ယောက်က ဉာဏ်ကောင်းတော့ ကောင်းတာကို သိတယ်၊ လျှော်ထက် အထည်က အဖိုးတန်တယ်။ လျှော်ကို ပစ်လိုက်တယ်၊ နောက်ပြီး အထည်ကိုပစ်ကာ ငွေကို ယူတယ်။ ငွေကို ပစ်ပြီး ရွှေကိုယူတယ်၊ ရွှေကနေပြီး ရှေ့မှာ ရတနာကျောက်သံပတ္တမြား တွေ့တော့ ပြည်တန်တဲ့ ငမောက် ပတ္တမြားကို ယူလိုက်တယ်၊ ရွှေယူသေးသလား (မယူတော့ပါဘူး ဘုရား)။ အဖိုးတန်တာရယ်၊ အဖိုးမတန်တာရယ် ခွဲခြားပြီး သိသွားတာကို၊ အဖိုးတန်တာက ဒါအဖိုးမတန်တာ လျှော် (မှန်ပါ့ဘုရား)။ အဖိုးတန်တာကအထည်၊ ဒါ သိသွားတယ်။ အထည်နဲ့ ငွေ ငွေက အဖိုးတန်တာ သိတယ်၊ ငွေနဲ့ရွှေ ရွှေက အဖိုးတန်တယ် ငွေက

mgyoe.com

mgyoe.com


အဖိုးမတန်တာ ဆိုတာ သိသွားတယ် (သိပါတယ် ဘုရား)။ ရွှေနဲ့ ပြည်တန်တဲ့ ပတ္တမြား ပြည်တန်တဲ့ ပတ္တမြားက အဖိုးတန်တယ်၊ ရွှေက အဖိုးမတန်ဘူး ဆိုတာ မသိဘူးလား (သိပါတယ် ဘုရား)။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတာ အဆင့်ဆင့် သညာပယ်သွားတာ၊ သညာ–သညာပယ်ပုံ ပယ်နည်း ကလေးတွေ သဘောလေးတွေ သိတယ်။ စာမတတ်တဲ့ ဒကာမကြီး တွေ သိအောင် ဟောမယ် (မှန်ပါ့ ဘုရား)။ တချို့က စာတတ်မှ သိတယ်။ တရားရမယ်လို့ ပြောနေတယ်။ စာမတတ်လည်း ရမယ်။ ဆရာပြောတဲ့ စကားသာ နားထောင်၊ ဆရာကလည်း ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာ သုံးရပ်ကို စာလို ပြောနေတာ၊ မှန်ပါ့ ဘုရား။ စာမတတ်ဘူးလို့သာ ဝန်ခံထားတယ်၊ (မှန်ပါ့)။ ပါဠိကိုမှ မရွတ်တတ်ဘဲနဲ့ မှန်ပါ့၊ ဘောဒေဝဝပုတ္တလို့ ရွတ်လိုက်တာ မှား တောင်နေတယ်။ အဲဒီတော့ ဒကာကြီး ခန္ဓာကိုယ်က ရှာထားတဲ့ တရားကြောင့် အကျင့်နယ်ကတော့ ပရိယတ် ပဋိပတ်–ပဋိဝေဓ ဆိုတဲ့ သာသနာသုံးရပ်၊ ပရိယတ် နယ်မြေကတော့ ပါဠိလို ဘာမှ ပညတ်မဖက်တော့ ဘူပိတ်နေတယ်။ ပဋိပတ်အကျင့်တွေနဲ့ ပဋိဝေဓ သာသနာနှစ်ရပ်ကတော့ စိတ်ကလေးတွေ စစ်ထားတာရှိတော့ (မှန်ပါ့) ကိုယ့်စိတ်ကိုယ် စစ်ထားတော့ အပ်ချထား သိတယ်။ အကုန် သိတယ်၊ စိတ်ပြောတာ (မှန်ပါ့ဘုရား)။ သူများစိတ်ကို မစစ်ဘူး၊ ကိုယ့်စိတ်ကိုယ် စစ်တယ်၊ သူများစိတ်စစ်တော့ အပိုပေါ့၊ ကိုယ့်စိတ် ကိုယ်စစ်မှ သိတော့မပေါ့။ ဦးပဥ္စင်းတို့တော့ ကိုယ့်စိတ် ကိုယ်စစ် တယ်။ သူများစိတ်ကို မစစ်ဘူး။ သူများစိတ်တွေ စစ်တော့ အဝီစိ ကျသွားမယ်။ အဲဒီတော့ ကိုယ့်စိတ်ကိုယ် စစ်မယ်၊ အဝီစိ အကျ

mgyoe.com

mgyoe.com


မခံနိုင်ဘူး။ အဲဒီတော့ ဦးပဥ္စင်းလည်း ကိုယ့်စိတ်ကိုယ် စစ်တာပဲ၊ (မှန်ပါ့ ဘုရား)။

## ၄။ သမထနဲ့ ဝိပဿနာ

အဲဒီတော့ သညာလေးတွေ ပယ်သွားပုံ၊ ဉာဏ်ပညာ တက်သွားပုံ၊ စိတ်ကလေးတွေက ဘယ်လို၊ ဉာဏ်ကလည်း ဘယ်လို၊ ပညာကလည်း ဘယ်လိုဆိုတာ ဉာဏ်စဉ်လေး တက်သွားပုံ၊ ဘယ်လိုက ဉာဏ်လဲ၊ ဘယ်လိုက ပညာလဲဆိုတာ၊ ဝိပဿနာဆိုတာ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်၊ ဝိပဿနာပညာ၊ သမထဆိုတာ တည်တာ တစ်ခုတည်းပဲနော်၊ အဲဒီတော့ ဒကာကြီး နောက်ကျတော့ ဝိပဿနာနဲ့ သမထနဲ့ ကွဲနေတယ်။ ဝိပဿနာနဲ့ သမထ၊ သမထနဲ့ ဝိပဿနာ၊ ဝိပဿနာနဲ့ သမထဆိုတာ ဘာလဲ၊ လက်ဦးတော့ နှလုံးသွင်းလိုက်ပြီး၊ ဝိပဿနာက လက္ခဏာကို သွင်းလိုက်တာ၊ လက္ခဏာ တည်အောင် ရှုလိုက်တာက သမထ၊ (မှန်ပါ့ဘုရား)။ ဝိပဿနာနဲ့ သမထ ခေါ်တယ်၊ ပညာနဲ့ သမာဓိခေါ်တယ်။ ဝိပဿနာ နှလုံးသွင်းလိုက်တာနဲ့ ရုပ်သဘောကို နှလုံးသွင်းလိုက်တာပဲ၊ စိတ်ကလေးက တည်သွားတော့ ပညာ မြင်သွားတယ်။ ရုပ်နာမ်ပေါ် တည်တော့ သမထ၊ (မှန်ပါ့)။ အဲဒီရုပ်နာမ်ပေါ် တည်ခြင်း၊ သမာဓိကြောင့် ပညာ ဖြစ်ရတယ်။ သမထတည်တာက ဘာလဲ၊ ရုပ်နာမ်ပေါ် စိတ်ကလေးတည်တာ၊ အဲဒီ ရုပ်နာမ်ပေါ် တည်ခြင်းဟာ သမာဓိကြောင့် (မှန်ပါ့ ဘုရား)။

ဝိပဿနာကနေသမထဖြစ်၊ (မှန်ပါ့ဘုရား)။ အဲဒီ သမထတည်တာက ဘာလဲ၊ ရုပ်နာမ်ပေါ် စိတ်ကလေးက မပြောင်းလည်းဘဲ

mgyoe.com

mgyoe.com



တည်နေတာ၊ ဒါဘာလဲ သမာဓိ၊ သမာဓိနဲ့ ပညာ၊ (မှန်ပါ့ ဘုရား)။ အဲဒီတော့ သမထနဲ့ ဝိပဿနာ၊ ဝိပဿနာကနေပညာ၊ သူက တစ်ခါတည်း တိုက်ရိုက်သွားတာ၊ (မှန်ပါ့ ဘုရား)။ အဲ့ဒီတော့ ဒကာကြီးရေ ခုနကတုန်းက အဲ လျှော်ထမ်းတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ဟာလေးကို ကိုယ့်လျှော်လေး ကိုယ့်အိမ်ပြန်ယူသွားလို့ ရှိရင်တော့ ဒီလျှော်တွေနဲ့ ပုဆိုးဖြစ်အောင် ရက်ရလိမ့်ဦးမယ် ထင်တယ်၊ (ရက်ရမှာပါ ဘုရား)။ အဲဒီတော့ မရက်ရအောင်လို့ ဦးပဥ္စင်းက ပြောတာပါ။ ပတ္တမြားယူပါ၊ ပြည်တန်တဲ့ ပတ္တမြားနော်၊ ပြည်တန်တဲ့ ပတ္တမြားမှန်း သိဖို့ အရေးကြီးတယ်။ ပြည်တန်တဲ့ ပတ္တမြားမှန်း မသိဘူးဆိုရင် လျှော်ပဲထမ်းနေရမှာပဲ၊ ဘာကြောင့်လဲ။ ကိုယ့်လျှော်ကို အဖိုးတန်တယ်လို့ ထင်နေလို့။ အဲဒီတော့ အဖိုးတန်တာရယ်၊ မတန်တာရယ် ဒီလိုသိဖို့ ကောင်းတယ်။ အဖိုးတန်တာကဒါ၊ အဖိုးမတန်တာကဒါ၊ အဲဒီလိုနှစ်ခု ခွဲကြည့်လိုက်တော့ ပညတ်နဲ့ ပရမတ် နှစ်ခု မသိဘူးလား၊ (သိပါတယ် ဘုရား)။ အဲ့ဒီလို အဖိုးမတန်တဲ့ တရားက ဘယ်တရား၊ အဖိုးတန်တဲ့ တရားက ဘယ်တရားလဲ သိမသွားဘူးလား၊ ငွေနဲ့ ရွှေကော၊ ရွှေနဲ့ ပတ္တမြားကော၊ (မှန်ပါ့ ဘုရား)။ လျှော်နဲ့ အထည်လိုပေါ့၊ အထည်နဲ့ ငွေလိုပေါ့ (မှန်ပါ့ဘုရား)။ ငွေနဲ့ ရွှေလို့ပေါ့၊ ရွှေနဲ့ ပတ္တမြားလိုပေါ့၊ အဲဒီလို ဉာဏ်စခန်းနဲ့ သွားတယ်ဆိုရင် ပတ္တမြားကြီးရသွားမယ် ချမ်းသာသွားမယ်၊ လမ်းမဆုံးပေဘူးလား၊ (လမ်းဆုံးပါတယ် ဘုရား။) လမ်းဆုံးရင် ရှေ့ကို ပတ္တမြားထက် အဖိုးတန်တာ ရှိသေးသလား၊ (မရှိတော့ပါ ဘုရား)။ ပတ္တမြားကြီးရမှ ချမ်းသာရင် တော်ရောပေါ့နော်။

mgyoe.com

mgyoe.com


## ၅။ နားနဲ့မနာနဲ့ မနောစိတ်လေးနဲ့နာကြ

လာရောက်တဲ့ ဒကာ-ဒကာမတွေ တရားထူးရအောင် ဂျက်နဲ့ ပို့ရမယ်။ ဂျက်ကတယ်မြန်တယ်လို့ပြောတယ်၊ ဦးပဉ္ဇင်းက ဂျက် မှန်းမသိတော့ ဂျက်မဟောဝံ့တာပေါ့၊ ဂျက်စီးဖူးရင် ဂျက်ဟောသေး တယ်၊ ဖော်ကာစီးဖူးတော့ ဖော်ကာချည်းပဲ ဟောနေတယ်၊ (မှန်ပါ့ ဘုရား)။ ဒကာကြီး ဦးသောင်းစိန်က လာပြောတော့ ဖော်ကာက နှေးလှပါတယ် ဘုရား။ အရှင်ဘုရား တပည့်တော် သဘောပေါက် တာက အရှင်ဘုရားတရားက ဖော်ကာမဟုတ်ဘူး ဂျက်ပါတဲ့၊ တပည့်တော် ထိုးထွင်းပြီး သိလိုက်တာ ရုပ်နဲ့နာမ်တွေပြီး ချုပ်ငြိမ်း တယ်ဆိုတာ ဒီလိုပါလား၊ အကုန်သိလိုက်တာ။ အရှင်ဘုရား ဂျက် က (ရှီး) ဆိုပြီး သွားလိုက်တာ မြန်တယ် ဘုရား၊ အရှင်ဘုရား နောက်ကို ဖော်ကာ မဟောပါနဲ့ ဂျက်ကိုဟောပါ ဘုရားတဲ့။

အခုတော့ မိုးကောင်းမှာ ဂျက်ဟောရမှာပဲ၊ (မှန်ပါ့ဘုရား)။ ဂျက်ဟောမယ်၊ ဂျက်‥ ဂျက်‥ လူပြိန်း လူနု စာမတတ်တဲ့ ပုဂ္ဂိုလ် လည်းသိရအောင်၊ အဖိုးတန်တာရယ်၊ အဖိုးမတန်တာရယ် အဖိုးတန် တာတွေ့ရင် အဖိုးမတန်တာ လွှင့်ပစ်ပြီး ပယ်မယ်နော်။ ဦးပဉ္ဇင်း ယူသွားတာက ဒကာကြီးရေ ဘာတွေယူသလဲဆိုရင်တော့ ဟင်းဂလာ ချဉ်ဖတ်တွေ၊ (မှန်ပါ့ဘုရား)။ ဟင်းဂလာ ချဉ်ဖတ်ထက် အဖိုးတန်တဲ့ လျှော်တွေကိုတွေ့တော့ ဒီဟင်းဂလာ ချဉ်ဖတ်တွေကို ခြေနဲ့ကန်ထုတ် ပြီး လျှော်ကိုယူမယ်၊ လျှော်ကနေပြီး အိမ်ရောက်တော့ ပုဆိုးရက်ပြီး ပုဆိုးဝတ်ရတော့မယ်ဆိုပြီး သိနေပြီ၊ ချဉ်ပတ်ကတော့ ရောင်းနေရဦး မယ်၊ ဟင်းဂလာ ချဉ်ပတ်ကတော့ ဦးပဉ္ဇင်းတို့ဆီကတော့ မော်ဘီကို တက်ပြီး ရောင်းတာကိုး၊ တောကိုး ရန်ကုန်လည်း ရောက်ချင်

mgyoe.com

mgyoe.com


ရောက်မှာပဲ၊ အဲ့ဒီတော့ ဟင်းဂလာ ချဉ်ဖတ်က ဘာရလို့လဲ။ တစ်ပိသာမှ တစ်ကျပ်ခွဲ၊ (မှန်ပါ့ဘုရား)။ လျှော်က ပိုက်ဆံလျှော် ဆိုတော့ ရက်လိုက်ရင် အဖိုးတန်မယ်။ အဲဒီတော့ ဟင်းဂလာချဉ်ဖတ်အိုးကြီးကို ခြေနဲ့ ကန်ထုတ်ပြီး လျှော်ထမ်းမယ်၊ အဖိုးမတန်ဘူး ဆိုတာ သိပြီ၊ (မှန်ပါ့ဘုရား)။ "မလွှင့်ပစ်နိုင်ဘူးလား" "လွှင့်ပစ်နိုင်တာပေါ့" ဟင်းဂလာချဉ်ဖတ်ကို လွှင့်ပစ်ပြီး လျှော်ထမ်းမယ်။ လျှော်က နေ အထည်တွေ ဖြစ်မယ်၊ လျှော်က မရက်ရသေးဘူး။ ချည်တွေ ငင်ရဦးမယ်၊ ရက်ရဦးမယ်၊ အထည်တွေကို တွေ့ပြန်တော့ ဝတ်ရုံပဲ ရှိတော့တယ်။ လျှော်လွှင့်ပစ်မယ် အဖိုးမတန်ဘူး ဆိုပြီး ခြေနဲ့ ကန်ပစ်မယ်၊ အထည်ကနေပြီး ရှေ့သွားမယ်၊ ငွေတွေ့မယ်၊ ငွေတွေ့တော့ အထည်ဘာလုပ်ဖို့လဲ၊ အထည်က ထမ်းရဦးမယ်၊ သူ့ထက် အဖိုးတန်တဲ့ ဘန်ကောက်လုံချည် ဝယ်မယ်၊ တက်ထရွန် ဝယ်မယ်၊ တက်ထရွန် ဆိုတာ ဝတ်လို့ ကောင်းတယ်၊ တက်ထရွန် ဝယ်ဖို့ဟာ ပိုက်ဆံလျှော်နဲ့ ရက်ထားတဲ့ အထည်ကို လွှင့်ပစ်တယ်၊ တက်ထရွန်ဝယ်ဖို့ဟာ ငွေလိုတယ်၊ ပိုက်ဆံနဲ့ဝယ်ရင် တက်ထရွန် ဘန်ကောက်ရမှာ၊ အဲဒီတော့ အထည်တွေကို လွှင့်မပစ်နိုင်ဘူးလား။ ဒကာကြီး အဲဒါ သညာပယ်တာ၊ မကောင်းဘူး ဆိုတဲ့ သညာကို ပယ်လိုက်တာ။

ဘုရားကဟောထားတယ် မင်းတို့ အလိမ်မခံနဲ့၊ ဦးပဉ္စင်းတို့ ဒကာကြီးတို့ သံသရာလဆန်း တစ်ရက်ကတည်းက အလိမ်ခံလိုက်ရတာ ခွေးဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ငါးဖြစ်လိုက်၊ ငရဲခံလိုက်ရ၊ အခု ဒီနားမှာ မိုးကောင်းထဲမှာ ခွေးတွေ တဝုန်းဝုန်းနဲ့ အားကြီးပဲ၊ အဲဒါ ဘယ်သူတွေမှတ်သလဲ၊ ရုပ်နာမ်တွေပဲ မဟုတ်လား။ ခွေးလေးများကို အစာကျွေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ကျွေးတော့ ခွေးတွေ

mgyoe.com

mgyoe.com


အားကြီးလှချည်လား၊ အစာကျွေးတော့ ခွေးတွေတယ်များ ဒကာကြီး အဲဒီတော့ လောကကြီးမှာ သံသရာကြီး ပြေးလျှောက်လာတာ ခွေးတွေလည်း ဖြစ်ခဲ့တာ များပြီ၊ ဝက်တွေလည်း ဖြစ်ခဲ့တယ်။ ဦးပဥ္စင်းကျောင်းမှာ သိမ်ကြီးဈေးက တရုတ်မကြီး တစ်ယောက်ရှိတယ်၊ တရုတ်မကြီးဟာ အခုမှ တရားတွေ့တယ်၊ တရုတ်မကြီး ဘယ်လို တွေ့နေသလဲလို့မေးတော့ ခန္ဓာကနေပြီး အသုဘတရားကြီး ပုံပျက်တာကြီး မြင်တွေ့နေတယ်၊ တရုတ်တို့မည်သည်မှာ ဝက်သား တယ်စားတာကိုး၊ အစိမ်းကြော်တွေဆိုတော့ မကျက်တကျက်တွေ စားတာကိုး၊ တရားထိုင်လိုက်တော့ သမာဓိနဲ့ ထိုးထွင်းပြီး သူ စားထားတဲ့ အစာတွေ၊ အသည်းတွေ၊ စိမ်းစိမ်းလေးတွေ ဗိုက်ထဲမှာ မကျက်တကျက်တွေ မြင်နေရပါတယ် ဘုရားလို့ လျှောက်တယ်။ အဲ ဒကာမကြီး ဝက်သားမစားနဲ့တော့ အခုနေများ သေလို့ရှိရင် ဝက်သည်းတွေ၊ ဝက်သားစိတ်တွေ ဖြစ်နေရင်တော့ ခက်တယ် ဒကာမကြီး၊ အဲ ကြိုးစားပေတော့ ဒကာမကြီး။ အဲဒီတော့ တရုတ်မကြီးက ကြောက်နေပြီး "တပည့်တော် ဝက်သား မစားချင်တော့ပါဘူး ဘုရား" တဲ့ အဆုတ်တွေ၊ ဝက်အူတွေ၊ အစိမ်းကြော်ထားတဲ့ အစိမ်းကြော်တွေ ဒါတွေ မြင်နေရတယ်တဲ့။

ဒါကြောင့်မို့လို့ ဒကာ–ဒကာမတွေ တရားဆိုတဲ့ ဥစ္စာသဘောပေါက်ဖို့ အရေးကြီးတယ်။ ဒကာ–ဒကာမများ သေသေချာချာ လေးလေးစားစား ယုံယုံကြည်ကြည်နဲ့ နားနဲ့မနာနဲ့၊ မနောစိတ်ကလေးနဲ့နာ၊ စိတ်ကလေးနဲ့နာလို့ရှိရင် ဒကာကြီး သဘောပေါက်သွားမယ်၊ တစ်ထိုင်တည်းနဲ့လည်း သဘောပေါက်နိုင်တယ်။ သြော်.. ဒါလည်း ဟုတ်ပါလား။ တို့မနှစ်တုန်းက ဒီလိုမြင်နေပါလား။ ဒီလိုပဲ ဒီတရား

mgyoe.com

mgyoe.com


ခန္ဓာမှာ မခိုင်မြဲတဲ့တရား၊ တရားထိုင်နေရင်းလည်း တွေ့ပါလိမ့်မယ်။ သဘောပေါက်အောင်သာ ဒီကနေပြီးတော့ သက်သေသာဓကလေးတင်ပြီး ဟောနေတာ၊ အဲ ဒကာကြီးရဲ့ တရားဆိုတဲ့ ဥစ္စာက ခုနကတုန်းက သညာတွေ အဆင့်ဆင့်ပယ်သွားတာ ဒကာကြီး၊ သညာ အဆင့်ဆင့် ပယ်သွားတော့ ဒါက အဖိုးမတန်ဘူး။ ဒါက အဖိုးတန်တယ်၊ ဒါထက် ဒါကအဖိုးတန်တယ်၊ အင်မတန် အဖိုးတန်တယ်၊ ငါတော့ ချမ်းသာတယ် ဆိုပြီးတော့ကာ ပတ္တမြားကြီးရသွားပြီ ဒကာကြီးရဲ့ (မှန်ပါ့ဘုရား)။ ဘာကြောင့် ပတ္တမြားကြီး ရသွားသလဲ ဆိုတော့ သညာကို အဆင့်ဆင့်နဲ့ ပယ်သွားလို့၊ သောတာပန် ပညာ ပယ်ပုံ သကဒါဂါမ် သညာပယ်ပုံ၊ အနာဂါမ်သညာပယ်ပုံ၊ အရဟတ္တမဂ်သညာပယ်ပုံ၊ သညာအဆင့်ဆင့် ပယ်သွားတာချည်းပဲ အဲဒီတော့ ဒီကနေ့ ဟောရမှာက ဉာဏ်စဉ်ကလေးတွေ တက်ပြီး ပညာဖြစ်ပြီးတော့ သောတာပန်ဖြစ်ပုံ၊ အခုနက လှေကားထစ်တဲ့လူလို တစ်ဆင့်တစ်ဆင့် အဖိုးတန်တာလေးတွေ ယူသွားသလို၊ အဖိုးတန်တာတွေ ရတာပေါ့။

## ၆။ ပညာမြင်ရင် ထွက်ပေါက်ရတယ်

ဘုရားက နိဗ္ဗာန်ရောက်ကြောင်းဟာ သတိပဋ္ဌာန်တရားလေးပါး၊ ဒီလေးပါးဟာ နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်တယ်၊ ဘုရားက ဟောတာ၊ ဒါ ထင်ထင်ရှားရှားကြီး ဒကာကြီးရဲ့၊ ဘယ်လို ထင်ထင် ရှားရှားကြီး ဟောထားသလဲဆိုတော့...

သဗ္ဗေ သင်္ခါရာ၊ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေသင်္ခါရာ၊ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ၊

mgyoe.com

mgyoe.com


အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေဓမ္မာ အနတ္တာ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အဲဒီတော့ ထွက်ပေါက်သိတဲ့ပုဂ္ဂိုလ်က ဒကာကြီး အဲဒီထွက်လမ်းကတော့ ဘယ်ကဖြစ်ဖြစ် အနိစ္စသဘောတရား မြင်လိုက်လို့ရှိရင်၊ ပညာမြင်သွားရင်၊ ထွက်ပေါက် ရသွားတာပဲ။ ဒုက္ခသဘောတရား မြင်လိုက်လို့ရှိရင် ပညာမြင်သွားရင် ထွက်ပေါက်ရတယ်။ အနိစ္စကလည်းပဲ ယဒါ ပညာယပဿတိ ဒကာကြီးရဲ့၊ ဒုက္ခကလည်းပဲ ယဒါပညာယပဿတိပဲ၊ ဓမ္မကလည်းပဲ ယဒါပညာယ ပဿတိပဲ၊ အနိစ္စမြင်တဲ့ပုဂ္ဂိုလ်က ဘယ်လိုမြင်မလဲ၊ အခုတော့ ပုဂ္ဂိုလ်တိုင်း အနိစ္စ၊ ဟိုလူကလည်းအနိစ္စ၊ ဒီလူကလည်းအနိစ္စ၊ အနိစ္စပညာနဲ့ ဘယ်လိုအနိစ္စခေါ်သလဲ၊ ယဒါပညာနဲ့ ယထာဘူတ အမှန်မြင်ရမယ့် တရားကို ဒကာကြီးရဲ့၊ အမှန်မြင်ရမယ့် တရားက ဘယ်တရားလဲ ပညာနော်၊ ပညာမြင်မှ ယဒါပညာယပဿတိ၊ အထိနိဗ္ဗိန္ဒတိ၊ ဒုက္ခေ ဧသမဂ္ဂေါဝိသုဒ္ဓိယာ၊ အဲဒီတော့မှ သုဒ္ဓိသုံးပါး စင်ကြယ်မယ် မဟုတ်လားနော်။

## ၇။ အလုပ်သမားဆိုတာ အလုပ်လုပ်မှ ကြိုက်တယ်

အဲဒီတော့ နက်ဖန်ခါကျတော့မှပဲ သေသေချာချာ သဘောပေါက်အောင် ဟောရမယ်။ ဒီနေ့တော့ တစ်နာရီခွဲ ဟောရတော့ တော်တော်လေး တရားရှည်သွားပြီ၊ အဲဒီတော့ ဒကာ-ဒကာမများ ဦးပဥ္စင်းက အလုပ်သမားဆိုတော့ အလုပ်လုပ်မှ ကြိုက်တယ်။ အလုပ်လုပ်လိုက်လို့ရှိရင် ခန္ဓာက သဘောတရားလေးတွေ တွေ့မှာ

mgyoe.com

mgyoe.com


ပေါ့။ အဖိုးတန်တာလေးတွေ သူ့ထက် အဖိုးတန်တာလေးတွေယူမယ်။ အဖိုးမတန်တာကျတော့ လွှင့်ပစ်လိုက်တာပေါ့။ ဘာလို့ နှမြောနေရမှာလဲ၊ တချို့က နှမြောတယ်။ မပစ်နိုင်လို့ကတော့ ကိုယ်ကျိုးနည်းမယ်သာမှတ်၊ ပိုဆိုးမယ်။ ဒါကြောင့် လျှော်ပဲ ထမ်းနေရတာ၊ ပတ္တမြား ရအောင်ယူရမယ်၊ အဲဒီတော့ ဘုရားကဟောထားတယ်၊ သတိပဋ္ဌာန် တရားလေးပါးက ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိ ပဋ္ဌာန်။

အဲဒီတော့ ဒကာကြီးတို့ အတိတ်ကလုပ်လာခဲ့တယ်။ ဘယ်လိုလုပ်လာခဲ့သလဲ။ ဘယ်လိုကျင့်လာခဲ့သလဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာဖြင့် ခြောက်နှစ်လုံးလုံး ကျင့်လာတာ အမှားတွေတွေ့ခဲ့တယ်။ အများကြီးတွေ့ခဲ့တယ်၊ ခြောက်နှစ်ပြည့်တဲ့အခါကျတော့ တစ်ရက်တည်းနဲ့ တရားတွေ့သွားတယ်။ အဖိုးတန်တာရော၊ အဖိုးမတန်တာရော တစ်ညတည်းနဲ့ သိသွားတယ်။ အလုံးစုံသိသွားတယ်။ အဲဒီလိုဖြစ်သွားတော့ အတိတ်ကကျင့်လာတာတွေ၊ အဲဒီအမှားတွေတွေ့တော့ အမှားတွေသိလာတယ်။ ဒီတော့ သူက တရားတွေမပေးဘူးလား၊ ဒကာကြီး။ ဘာတွေပေးသလဲဆိုတော့ တစ်ခါတည်းသူဟောတဲ့ ဆိုဆုံးမဩဝါဒပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ သောတာပန်တည်တယ်။ သကဒါဂါမ်တည်တယ်၊ အနာဂါမ်တည်တယ်၊ ရဟန္တာတွေဖြစ်တယ်မဟုတ်လား။ ဘာကြောင့် ဖြစ်သလဲဆိုတော့ ပညာကိုး၊ (မှန်ပါ့ဘုရား)။ ပညာနဲ့ပေးလိုက်တာ ဘုရားကဟောတာ။ မျက်စိတံခါး၊ နားတံခါး၊ ပါးစပ်တံခါး၊ နှာခေါင်းတံခါး၊ ကိုယ်တံခါး၊ မနောတံခါး၊ တံခါးခြောက်ပေါက် အာရုံ ၅ အာရုံ ၆ ပါး၊ မျက်စိကဘယ်လိုမြင်ရမှာလဲ၊ ပညာမြင် ပညာသိရမယ်တဲ့။

mgyoe.com

mgyoe.com


## ၈။ ဇာနာတိနဲ့ ပဇာနာတိ

ဒီနေ့ ဒကာကြီးရဲ့ ပညာမြင်ရမယ်ဆိုတာ စာထဲပါတယ်၊ (မှန်ပါ့ဘုရား)။ ဇာနာတိတဲ့၊ ပဇာနာတိတဲ့ လူတိုင်းလူတိုင်း မြင်တယ်။ လူတိုင်းလူတိုင်းက ဘယ်လိုမြင်သလဲဆိုတော့ မြင်သိ၊ ကြားသိ၊ နံသိ၊ သွားသိ၊ လာသိ၊ စားသိ၊ ထိသိ၊ ယိုသိ၊ ချဉ်လို့သိ၊ ထိုင်လို့သိ၊ ငန်လို့သိ၊ ဒါလူတိုင်း အသိ မဟုတ်လား၊ သူများထက်ထူးကဲပြီး ပိုသိသေးသလား။ ဒါက ဇာနာတိလို့ ခေါ်တယ်။ အဲဒါပါဠိလိုသူများတွေ ရွတ်တာ ကြားလို့ ဦးပဍင်းက ပြောတာနော်၊ ဦးပဍင်းလည်း အတိတ်ကဇာနာတိ၊ ၄၆ နှစ်လုံးလုံးက ဇာနာတိဖြစ်ခဲ့တယ်။ မြင်လို့ သိခဲ့တယ်၊ ကြားလို့ သိခဲ့တယ်၊ နံလို့ သိခဲ့တယ်၊ စားလို့ သိခဲ့တယ်၊ ထိလို့ သိခဲ့တယ်၊ သိလို့ သိခဲ့တယ်၊ အိပ်လို့သိခဲ့တယ်၊ ဒါကတော့ ဇာနာတိ၊ ဘုရားဟောထားတာက ဘယ်လိုဟောထားသလဲ၊ ပဇာနာတိ၊ ပညာနဲ့ ထိုးထွင်းမြင်ရမယ်။ ပဇာနာတိဆိုတာ အမှန်တရားကို သိရတာကိုး။

အဲဒီတော့ နက်ဖြန်ခါမှ သေသေချာချာ သဘောပေါက်အောင်ဟောမယ်။ ဒီနေ့အဖို့မှာတော့ လျှော်ထမ်းတဲ့ပုဂ္ဂိုလ် အခြေခံထားတော့လျှော်ထမ်းတဲ့အကြောင်း ရှင်းရလိမ့်မယ်။ အစကနေ အလယ်၊ အလယ်ကနေ အဆုံး၊ တရားဆိုတာ အစအလယ်အဆုံး သုံးပါးလုံးညီမှသာ လက်ခံမယ်၊ (မှန်ပါ့ဘုရား)။ အစရှိရင် အလယ်ရှိရမယ်။ အလယ်ရှိရင် အဆုံးရှိရမယ်။ အစကိုစတော့ အလယ်ရှိမယ်။ အလယ်ကနေ အဆုံးကို ပြောရမယ်။ ဦးပဍင်းတို့ အခုလို တရားပြနေတာ၊ ယောဂီတွေကို ဘယ်လိုပြနေသလဲဆိုတော့ လက်ဦးတော့ ဖော်ကာနဲ့ ပို့တယ်။ ယခုတော့ ဖော်ကာ မဟုတ်တော့ဘူး။ ဂျက်-

mgyoe.com

mgyoe.com

ဂျက် (မှတ်ချက် ဂျက်နှင့်ဖော်ကာသည် ယခုခေတ်ပေါ်သော အမြန် မောင်း လေယာဉ်များ၏ နာမည် ဖြစ်သည်။)

ဂျက်ဆိုတော့ အခုလာရောက်တဲ့ ဒကာ–ဒကာမတွေလည်း ဂျက်သွားပုံ၊ လာပုံ သင်ပြပေးခဲ့ရမှာပဲ၊ အမြန်ဆုံးက ဂျက်ကိုး ဒကာကြီးရဲ့ (မှန်ပါ့ ဘုရား)။ ဘုရားကလည်း ဟောထားတယ် ဇာနာတိနဲ့၊ ပဇာနာတိ၊ ဒီနှစ်လုံးကို ရှင်းရမယ်၊ (မှန်ပါ့ ဘုရား)။ ပဇာနာတိက ဘယ်လို၊ ဇာနာတိက ဘယ်လို၊ စာတတ်တဲ့ ပုဂ္ဂိုလ်က သိလိမ့်မယ်။ (မှန်ပါ့ ဘုရား)။ နောက်စာမတတ်တဲ့ ပုဂ္ဂိုလ်က ဇာန တိ၊ ပဇာနာတိကို သိမှာ မဟုတ်ဘူး။ ဦးပဥ္ဇင်းလည်း သူများ ပြော သံကြားလို့ ပြောရတာ၊ (မှန်ပါ့ ဘုရား)။ စာတတ်လို့ပြောတာ မဟုတ်ဘူး။ သူများ ပြောသံကြားလို့ မှတ်ပြီးတော့ ပြောရတာပါ။ ပဇာနာတိ အဓိပ္ပာယ် သဘာဝကိုတော့ သိတယ်။ ဇာနာတိက ကလေးလည်း သိတယ်။ လူကြီးလည်း သိတယ်။ ပဇာနာတိက လူတိုင်း သိတဲ့ တရားမျိုး မဟုတ်ဘူးဗျို့၊ (မှန်ပါ့ ဘုရား)။ ပညာ မြင်တဲ့ အသိနော်၊ ပညာမြင် ပညာသိတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုလို့ ရှိရင် ပဏ္ဍိတပုဂ္ဂိုလ် ဖြစ်တယ်။ လူတိုင်းအမြင် လူတိုင်းအသိက ပဏ္ဍိတ ခေါ်နိုင်သလား၊ ပဏ္ဍိတဆိုတာ ပညာရှိပုဂ္ဂိုလ်၊ ဘယ်လို ပညာရှိ ပုဂ္ဂိုလ်လဲ၊ မျက်စိကလည်း ပညာ၊ နားကလည်း ပညာ၊ နှာခေါင်းပေါက်ကလည်း ပညာ၊ လျှာပေါက်ကလည်း ပညာ၊ ကိုယ်ပေါက်ကလည်း ပညာ၊ မနောကလည်း ပညာ၊ အဲဒီလိုပညာမြင်၊ ပညာသိ၊ ပညာရှိပုဂ္ဂိုလ်သာ ပဏ္ဍိတ။ လူတိုင်းမသိဘူး၊ (မှန်ပါ့ ဘုရား)။ အဲဒီလိုပုဂ္ဂိုလ်ကတော့ ပဏ္ဍိတပညာရှိတဲ့ ပုဂ္ဂိုလ်၊ ပညာရှိမှ သိပါတယ်။ (သိပါတယ် ဘုရား)။ တချို့က ပဏ္ဍိတဆိုတာ မြင်သိ၊

mgyoe.com

mgyoe.com



ကြားသိ၊ စားသိ၊ နံ့သိ၊ သွားသိ၊ ဒါပဏ္ဍိတ ခေါ်တယ် ဒကာကြီးရဲ့၊ နာဇာတိ လူတိုင်းသိတာက ဇာ နာတိ၊ ပဇာနာတိဆိုတာက ပညာမြင်၊ ပညာသိ။

ခုဟာတော့ ဖော်ကာနဲ့ ဂျက်စီးမလို့ ဂျက်စီးတော့မယ်။ ဂျက်စီးရအောင် ဒကာတွေ ဒကာမကြီးတွေလည်း ကျင့်ကြံအားထုတ်ကြ၊ ဂျက်စီးနိုင်ဖို့ အရေးကြီးတယ်နော်။ ကိုယ့်ဟာကိုယ် ဂျက်ပေါ်တက်လို့၊ ဂျက်ပြေးပုံကလေးတွေကို တစ်ခါတည်း ပြောပြရဦးမယ်။ ဂျက် ဆိုတာ မြန်တယ်၊ ဉာဏ်ကလေးတွေ ဒကာကြီးရဲ့၊ ဉာဏ်စဉ် ဆိုတာကလည်း ဒကာကြီးရဲ့ (မှန်ပါ့ ဘုရား)။ အဖိုးမတန်တာနဲ့ အဖိုးတန်တာ ပြောင်းသွားတာ။ ဒါမကောင်းဘူး လွှင့်ပစ်တာ။ သညာပယ်ပစ်ခဲ့တာ၊ ဒါလျှော်ချည်ပဲ အဖိုးမတန်ဘူး။ ဒါအထည်တွေ ရက်ပြီးသား ဖြစ်တယ်။ ဝတ်ရုံပဲ ကျန်တော့တယ်။ အဲဒါ ဉာဏ်၊ ဉာဏ်စဉ်တွေ တက်တက်သွားတယ်။ ပတ္တမြားကျတော့ ဉာဏ်စဉ် ဆုံးတယ်။ အထူးတလည်လုပ်ပြီး ဉာဏ်တွေ လုပ်နေရဦးမှာလား။ (မှန်ပါ့ဘုရား)။ အမြင့်ပေါ်မှာ အမြင့်စင်ကြယ်တော့ စိတ်စင်ကြယ်တယ်။ အမြင့်ပေါ်မှာ ဆုံးဖြတ်တယ်။ မဂ်ဆိုတာ တထစ်ချ ဆုံးဖြတ်တာ။ ယီးတီးယောင်တောင်နဲ့ တောတွေးတောင်တွေး ဆုံးဖြတ်တဲ့ မဂ်မျိုး မဟုတ်ဘူး။ ခန္ဓာက ဆုံးဖြတ်တဲ့ မဂ် မဂ်ဆိုတာ တထစ်ချ ဆုံးဖြတ်တဲ့ ဉာဏ် (လောကုတ္တရာဉာဏ်ကြီးပါ ဘုရား)။ မပြောတတ်ဘူး။ သညာမသိလို့ မှန်ပါ့ဘုရား။ အဲ အခု မှတ်မိသွားပြီ ဒကာကြီး ပြောလို့။

mgyoe.com